**လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုတစ်ရပ် - လူကုန်ကူးခံရသူများ ရှာဖွေဖော်ထုတ်ရာတွင် တိုးတက်စေရေးအတွက်လည်းကောင်း၊ လူကုန်ကူးမှုစုံစမ်းစစ်ဆေးခြင်းများနှင့် တရားစွဲဆိုခြင်းများတွင် ခိုင်မာမှုရှိစေရေးအတွက်လည်းကောင်း မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။**

လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းအား လူကုန်ကူးမှုစုံစမ်းစစ်ဆေးရာတွင် သို့မဟုတ် တရားစွဲဆိုရာတွင် အကောင်းဆုံးအလေ့အထတစ်ရပ်အဖြစ် နိုင်ငံတကာ အသိုက်အဝန်း၌ သိရှိထားကြသည်။ လူကုန်ကူးခံရသူများသည် အဆိုပါ လူကုန်ကူးခံရသူ ဗဟိုပြုခြင်းကိစ္စများနှင့် ထည့်သွင်းစဉ်းစားချက်များအား ရဲများနှင့် စုံစမ်းစစ်ဆေးရေးမှူးများထံသို့ အမှုအား အစောဆုံး စတင်ကိုင်တွယ်ဆောင်ရွက်သည့် ကနဦးအခြေအနေမှ တရားစွဲဆိုသည့် အခြေအနေအထိနှင့် ယင်းထက်ကျော်လွန်သည့် အခြေအနေတို့အထိ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ် အားလုံးတွင် စုံစမ်းစစ်ဆေးခြင်းမှတစ်ဆင့် ၎င်းတို့ ကိုယ်တိုင် တင်ပြခြင်းဖြစ်သည်။ သို့ဖြစ်ရာ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုတစ်ရပ်အား အသုံးချခြင်းကို ပိုမိုနားလည်ခြင်းသည် ရဲများနှင့် စုံစမ်းစစ်ဆေးရေးမှူးများ၏ နေ့စဉ်လုပ်ငန်းများအား တိုးတက်စေရန် ကူညီပေးလိမ့်မည်ဖြစ်သည်။ လူကုန်ကူးမှုများတွင် လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်နည်းကို အသုံးပြုခြင်းသည် လူကုန်ကူးခံရသူအား ရှာဖွေဖော်ထုတ်မှု ပိုမိုများပြားလာပြီး လူကုန်ကူးသူများအား စုံစမ်းစစ်ဆေးမှုများ ပိုမိုခိုင်မာလာကာ အောင်မြင်သည့် တရားစွဲဆိုမှုရလဒ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါသည်။

အရေးတကြီးနားလည်ထားရမည်မှာ လူကုန်ကူးခံရသူများသည် ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ်နိုင်မှုနှင့် လွတ်လပ်စွာလုပ်ဆောင်နိုင်မှု မကြာခဏ ဆုံးရှုံးကြရသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများသည် လူကုန်ကူးခံရသူများ၏ ၎င်းတို့ကိုယ်ပိုင်ဘဝများအတွက် ဆုံးဖြတ်ချက်များချမှတ်နိုင်မှုမှာ အကောင်းဆုံး မဟုတ်သော်ငြားလည်း ယင်းအပေါ် လေးစားမှုရှိရန်မှာ အရေးကြီးလှပေသည်။ အကယ်၍ ပါဝင်ဆောင်ရွက်သည့် stakeholders များသည် လက်တွဲပေါင်းစပ် ဆောင်ရွက်ခြင်း မပြုပါက လူကုန်ကူးမှုများအား ဖြေရှင်းနိုင်မည်မဟုတ်ဘဲ လွတ်မြောက်လာသူများမှာ တရားမျှတမှု ရရှိနိုင်မည်မဟုတ်သဖြင့် လူကုန်ကူးခံရသူများ၏ ဆန္ဒများအား အရေးကြီးဆုံးအရာအဖြစ် ထည့်သွင်းစဉ်းစားရမည်။

လူကုန်ကူးခံရသူအများအပြားသည် ၎င်းတို့အားလူကုန်ကူးခဲ့သူများနှင့် ဖမ်းဆီးခဲ့သူများအား အပြင်းအထန်ကြောက်လန့်ကြသည်။ ထို့ကြောင့် လူကုန်ကူးခံရဖွယ်ရှိသူများနှင့် ထိတွေ့ဆက်ဆံသည့်အခါ ၎င်းတို့မှာ လုံခြုံစိတ်ချရကြောင်း(နှင့် ဘေးကင်းလုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်တစ်ရပ်

ဖန်တီးပေးရေး ဆောင်ရွက်မှုများ) အာမခံပေးရန်မှာ အရေးကြီးလှသဖြင့် ၎င်းတို့အား ကာကွယ်ပေးရေးနှင့် ၎င်းတို့ဘဝများ ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် အကူအညီပေးရေး လုပ်ငန်းစဉ်များဖြင့် စတင်နိုင်သည်။ လူကုန်ကူးခံရသူများ၏ ယုံကြည်မှုရယူခြင်းသည် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်၏ ပထမအရေးကြီးသည့် အဆင့်တစ်ခုဖြစ်ပါသည်။

သင့်အနေဖြင့် လူကုန်ကူးခံရသူတစ်ဦးနှင့် ယုံကြည်မှုတည်ဆောက်ရေး ကြိုးပမ်းသည့်အခါ ၎င်းအားကူညီရန်ကြိုးပမ်းသူများထက် အဆိုပါလူကုန်ကူးခံရသူထံတွင် မတူကွဲပြားသည့် ပါဝါနှင့် အခွင့်အရေးကောင်းဆိုင်ရာ အဆင့်တစ်ခု ရှိနေတတ်သည်။ အဆိုပါ မတူကွဲပြားသည့် ပါဝါနှင့် အခွင့်အရေးကောင်းတို့သည် ၎င်းတို့၏အမှုတွင် ပါဝင်သည့် ကျွမ်းကျင်သူများ၏ အခန်းကဏ္ဍကို မည်ကဲ့သို့ရှုမြင်သည်ဆိုသည့်အပေါ် သက်ရောက်မည်ဖြစ်ကာ ယင်းသည် လူကုန်ကူးခံရသူအား ပိုမိုနားလည်မှုရှိစေရန် သင့်အားကူညီလိမ့်မည်ဖြစ်သည်။ လူကုန်ကူးသူများသည် ကျား/မ၊ လူမျိုး၊ ဘာသာ၊ မျိုးနွယ်စု စသည်တို့ပေါ်မူတည်၍ ကြိမ်ဖန်များစွာ ဖယ်ကြဉ်ခံရမှု၊ ပညာမတတ်မှု၊ ငွေကြေးမပြည့်စုံမှု၊ မသန်စွမ်းမှု၊ နိုင်ငံမဲ့မှု အစရှိသည့် ရပ်တည်ရန်ခက်ခဲသူများကို ပစ်မှတ်ထားစုဆောင်းကြသည်။ လူကုန်ကူးခံရသူများမှာ မကြာခဏ ပစ်မှတ်ထားခံကြရခြင်းမှာ ၎င်းတို့သည် အသိုင်းအဝန်းတွင် မမြင်ကွယ်ရာဖြစ်နေခြင်းကြောင့် ဖြစ်သည်။ အကူအညီအား အလွယ်တကူ မရှာနိုင်ပေ။ ထို့ကြောင့် ရဲများနှင့် စုံစမ်းစစ်ဆေးရေးမှူးများက သတင်းအချက်အလက်များ ရယူကြရာတွင် လူကုန်ကူးခံရသူများထံမှ ချက်ချင်းတုန့်ပြန်မှုမရခြင်းမှာ အထူးအဆန်းမဟုတ်ပေ။

**အောက်တွင်ဖော်ပြထားသည်မှာ မှုခင်းဖြစ်စဉ်များနှင့် အဆိုပါမှုခင်းဖြစ်စဉ်များအတွက် လူကုန်ကူးခံရသူဗဟိုပြုတုန့်ပြန်မှုများဆိုင်ရာ အကြံပြုချက်အချို့ ဖြစ်ပါသည်။**

## မြ

အသက် ၁၈ နှစ်ရှိသည့် မြသည် သမီးသုံးဦးအနက် အကြီးဆုံးဖြစ်ကာ ၎င်း၏မိဘများနှင့်အတူ လယ်ကွင်းတစ်ခုပေါ်တွင် နေထိုင်သည်။ ယခုအခါ မြအတွက် အိမ်ထောင်ပြုရမည့်အချိန်အခါ ရောက်ရှိလာပြီဖြစ်သော်လည်း မြ၏မိဘများမှာ သူမအတွက် အိမ်ထောင်ဖက်အား အနီးအနားရှိ မည်သည့်မြို့တွင်မျှ ရှာဖွေနိုင်ခြင်းမရှိချေ။ အိမ်ထောင်ဖက်အမျိုးသမီးများ ရှာဖွေနေသည့် တရုတ်အမျိုးသားများရှိရာ ကျေးရွာတစ်ရွာအား သိရှိပါကြောင်းနှင့် မြအနေဖြင့်လည်း ယင်းရွာတွင် သူမအတွက် ခင်ပွန်းတစ်ဦးရှာဖွေနိုင်မည်ဖြစ်ကြောင်း ဒေသခံအမျိုးသမီးတစ်ဦးမှ အကြံပြုသည်။ ယင်းဒေသခံအမျိုးသမီးက တရုတ်နိုင်ငံတွင်းရှိ အမျိုးသားတစ်ဦးနှင့် တွေ့ဆုံနိုင်ရေး ခရီးထွက်ခွာနိုင်ရန် မြအား စီစဉ်ပေးခဲ့သည်။ အဆိုပါ အမျိုးသားက ဒေသခံအမျိုးသမီးအတွက် ဝန်ဆောင်ခ၊ မြ၏မိဘများအတွက်နို့ဖိုးနှင့် မြအတွက်ခရီးစရိတ်အဖြစ် အဆိုပါဒေသခံအမျိုးသမီးထံသို့ ငွေပို့ပေးခဲ့သည်။ မြလည်း ခရီးထွက်ခွာသွားခဲ့ပြီးနောက် သီတင်းပတ်များစွာအကြာ သူမမိဘများမှာ မြထံမှ

သတင်းမကြား ရတော့ချေ။ ထိုအခါ မြေ၏မိဘများသည် တရုတ်နိုင်ငံတွင်းရှိ အမျိုးသားနှင့် ဆက်သွယ်ပေးရန် ဒေသခံအမျိုးသမီးအားတောင်းဆိုရာ ယင်းအမျိုးသားမှာ ထိုရွာတွင်နေထိုင်ခြင်း မရှိတော့ကြောင်း ဆိုသည်။ မြို့မှအခြားအမျိုးသမီးများမှာလည်း တရုတ်အမျိုးသားများနှင့် လက်ထပ်ထိမ်းမြားရန် ထွက်ခွာသွားကြပြီးနောက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှင်းပန်း နှိပ်စက်ခံရကြောင်း မြေ၏မိဘများ ကြားသိခဲ့သည်။ အချို့အမှုများတွင် အမျိုးသမီးများမှာ ၎င်းတို့၏ ကိုယ်ခန္ဓာကိုပင် အဓမ္မရောင်းစားခံကြရကြောင်း ကြားသိခဲ့သည်။ လများစွာကြာပြီးနောက် ကိုယ်ဝန်ရထားသည့်မြမှာ ဒဏ်ရာများဖြင့် နေအိမ်သို့ တစ်ဦးတည်းပြန်လာခဲ့သည်။ မြသည် ဖြစ်ခဲ့သည့်အကြောင်းအရာများအား မည်သူ့ကိုမျှပြောမပြလိုပေ။ မြသည်အစားလည်းမစားဘဲ တစ်ချိန်လုံးငို၍သာနေသည်။ မြေ၏ခင်ပွန်းဖြစ်သူမှာ မြတို့အတွက်ပေးခဲ့သည့်ငွေများအားပြန်ပေးရန် ဒေသခံအမျိုးသမီးထံတောင်းရာ မြေ၏မိဘများမှာ ကြောက်လန့်သဖြင့် ရဲတိုင်ရန် ဆုံးဖြတ်လိုက် သည်။ ရဲက မည်ကဲ့သို့ တုန့်ပြန်ရမည်နည်း။ မြအားမည်သူက ဆွေးနွေးပြောကြားပေးမည်နည်း။ မြအတွက် မည်သည့်ဝန်ဆောင်မှုများ ရရှိနိုင်မည်နည်း။ အကယ်၍ မြအနေဖြင့် ရဲနှင့်ဆွေးနွေး ပြောကြားရန် ကြောက်ရွံ့နေဆဲဖြစ်ပါက သူမနှင့် သူမ၏မိဘများအား အကာအကွယ်ပေးရန် ရဲက ဘာလုပ်ပေးနိုင်မည်နည်း။

<u>လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုအသုံးပြုသည့် ရဲများ၊ စုံစမ်းစစ်ဆေးရေးမှူးများ၊ ဥပဒေအရာရှိများနှင့် ဝန်ဆောင်မှုပေးသူများအနေဖြင့် -</u>

- စိတ်ရှည်ကြောင်း၊ စာနာကြောင်း၊ သနားဂရုဏာထားကြောင်း ပြပါ။
- ထပ်မံ၍စိတ်သောကဝေဒနာဖြစ်ပွားမှု လျော့ချခြင်းဖြင့် လူကုန်ကူးခံရသူအား မထိခိုက် ပါစေနှင့်။
- လွတ်မြောက်လာသူ၏ အပြုအမူများမှာ စိတ်သောကဒဏ်ရာကို တုန့်ပြန်မှုတစ်ရပ်သာ ဖြစ်ကြောင်း နားလည်ပါ။
- အကြမ်းဖက်မှုများကြောင့် ရရှိလာသည့် စိတ်ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဗဟုသုတရှိပါ။
- စိတ်ကျန်းမာရေးဝေဒနာရှင်အတွက် အရေးပေါ်ကုသပေးနိုင်ရန် အဆင်သင့်ရှိပါစေ။
- စိတ်သောကဝေဒနာကုသနိုင်ရေးအတွက် လိုအပ်သည့် လွှဲပြောင်းမှုများ လုပ်ဆောင်ပါ။
- စိတ်မှတ်ဉာဏ်တွင်း ပြောင်းလဲမှုများသည် စိတ်သောကဝေဒနာအပေါ် တုန့်ပြန်မှု၏ အထောက်အထားဖြစ်နိုင်သည်ကို သတိပြုပါ။
- သင့်လျော်သည့် ဝန်ဆောင်မှုများအား ယဉ်ကျေးမှုနှင့်အညီ ထောက်ပံ့ပေးနိုင်ပါစေ။
- ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များအား အကြံဉာဏ်ရယူပါ။
- လူကုန်ကူးခံရသူ၏လိုအပ်ချက်များအား တတ်နိုင်သမျှ အသိအမှတ်ပြု ဖြည့်ဆည်းပေးပါ။
- လူကုန်ကူးခံရသူများ၏ ကြောက်ရွံ့မှုများကို နားလည်ပြီး တုန့်ပြန်ဖြေရှင်းပေးပါ။

- လူကုန်ကူးခံရသူများ၏ အနာဂတ်နှင့် အမှုအတွက် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ၎င်းတို့အား လုပ်ပိုင်ခွင့်ပေးပါ။
- မည်သည့်အရာများက လူကုန်ကူးခံရသူများအား လှုံ့ဆော်သည်ကို ဖော်ထုတ်ပါ။
- လူကုန်ကူးခံရသူနှင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးတစ်ရပ် တည်ထောင်ပါ။
- စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှု ပြုနေစဉ်ကာလတစ်လျှောက်လုံး လူကုန်ကူးခံရသူနှင့် အမြဲမပြတ် ဆက်သွယ်ပါ။
- အမည်မဖော် သိုသိပ်ထားခြင်းနှင့် လျှို့ဝှက်ထားခြင်း သေချာပါစေ။

## နန်းမို

ငယ်ရွယ်သည့်ရှမ်းအမျိုးသမီးတစ်ဦးဖြစ်သူ နန်းမိုသည် ဆရာမတစ်ဦးဖြစ်ချင်ရာသော်လည်း တက္ကသိုလ်တက်ရန် ငွေကြေးအလုံအလောက်မရှိချေ။ သို့ဖြစ်ရာ နန်းမိုသည် ငွေပိုမိုရရှိနိုင်မည့် နည်းလမ်းများကို စတင်ရှာဖွေလာသည်။ တစ်နေ့တွင် သူမ၏အသိတစ်ယောက်က မလေးရှား နိုင်ငံတွင် မြန်မာကျောင်းသားတစ်ဦးအား သင်္ချာသင်ကြားပေးရမည့် အလုပ်တစ်ခုရှိကြောင်း၊ အဆိုပါအလုပ်ရရှိနိုင်ရန် အမျိုးသားတစ်ဦးနှင့် ဆက်သွယ်ပေးမည်ဟု ဆိုလာသည်။ ၎င်းနောက် နန်းမိုသည် သူမ၏မိသားစုထံမှ ငွေချေးယူခဲ့ပြီး မလေးရှားနိုင်ငံရှိ အမျိုးသားတစ်ဦးနှင့် ဆက်သွယ်ပေးခအဖြစ် မြန်မာငွေကျပ် ၇၅,၀၀၀ ကို ပေးခဲ့သည်။ ယင်းပုဂ္ဂိုလ်က နန်းမိုထံသို့ စာချုပ်တစ်စောင်ပေးပို့ခဲ့ရာ ယင်းစာချုပ်ပေါ်တွင် တစ်ရက်လျှင် စာသင်ချိန် ၈-၁၀ နာရီ၊ တစ်ပတ်လျှင် ၅ ရက်ဖြင့် တစ်နှစ်သင်ကြားပေးရမည်ဖြစ်ကာ လစာငွေအဖြစ် မြန်မာ ကျပ်ငွေ ၁၂၅,၀၀၀ ရရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် သူမ၏ခရီးစရိတ်အား လစဉ်ရရှိမည့် လစာငွေထဲမှ ဖြတ်တောက်မည်ဖြစ်သည်။ သို့ရာတွင် မလေးရှားနိုင်ငံသို့ နန်းမိုရောက်ရှိသည့် အခါတွင် စာသင်ရမည့်အလုပ်မရှိဘဲ ပြည့်တန်ဆာအလုပ်သာရှိကြောင်း၊ ယင်းအလုပ်မလုပ်ပါက ခရီးစရိတ်ကျသင့်ငွေများအား ချက်ချင်းပြန်ပေးရမည်ဖြစ်ကြောင်း ယင်းအမျိုးသားက ဆိုသည်။ အကယ်၍ တင်ရှိနေသည့် ခရီးစရိတ်ကျသင့်ငွေများ ပြန်မပေးပါက ရဲခေါ်၍ဖမ်းခိုင်းမည်ဟု ခြိမ်းခြောက်လေသည်။ နန်းမိုလည်း မျှော်လင့်ချက်ကင်းမဲ့သွားလေသည်။ သူမအနေဖြင့် မိသားစုအား အသိမပေးလိုသဖြင့် ပြည့်တန်ဆာအဖြစ် စတင်အလုပ်လုပ်လေသည်။ နန်းမို အနေဖြင့် အကြွေးဆပ်ပြီး မြန်မာနိုင်ငံသို့ ပြန်မည်ဖြစ်ကာ ယခု အဖြစ်အပျက်များအား မေ့ဖျောက် ပစ်လိုက်မည်ဖြစ်သည်။ မလေးရှားရှိ ယင်းအမျိုးသားလည်း နန်းမို၏ပိုက်ဆံအားလုံးကိုယူပြီး ပြန်လွှတ်ရန် ငြင်းဆန်သဖြင့် နန်းမိုလည်း ဖောက်သည်တစ်ဦး၏အကူအညီဖြင့် ထွက်ပြေး လွတ်မြောက်လာပြီး နေအိမ်သို့ ပြန်ရောက်လာနိုင်ခဲ့သည်။ နေအိမ်သို့ပြန်ရောက်သည့်အခါ

သူမအား အလုပ်ရှာပေးခဲ့သည့် ဒေသခံလူက သူမအား ခြိမ်းခြောက်သည်။ နန်းမိုလည်း သူမ၏မိဘများ ဘေးကင်းလုံခြုံရေးအတွက် ကြောက်လန့်သွားသည်။ သူငယ်ချင်းတစ်ဦးက ရဲထံသို့သွားရန် အကြံပြုပြောကြားသည်။ ရဲအနေဖြင့် နန်းမို၏ မိဘများအား အကာအကွယ် ပေးနိုင်ပါမည်လား။ ရဲများအနေဖြင့် နန်းမိုအား အကာအကွယ်ပေးနိုင်ပါမည်လော။ ရဲများအနေဖြင့် နန်းမို မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားကို ထုတ်ဖော်မပြောဘဲ သူမကို အကူအညီ ပေးနိုင်မည်လား။ အခြားအမျိုးသမီးများမှာလည်း အလားတူလုပ်စုဆောင်းခံခဲ့ရပြီး မလေးရှားနိုင်ငံ၌ ပြည့်တန်ဆာများအဖြစ် ဆက်လက်လုပ်ကိုင်နေကြသည်။ နန်းမိုက ၎င်းတို့၏ကံကြမ္မာကို စိုးရိမ်သည်။ အကယ်၍ သူမအနေဖြင့် မည်သည့်တို့ဖြစ်ပျက်ခဲ့ကြောင်း ရဲထံပြောပြခဲ့ပါက အဆိုပါ အမျိုးသမီးများ ဒုက္ခရောက်မည်ကို ထိတ်လန့်နေခဲ့သည်။ မြန်မာရဲအနေဖြင့် အဆိုပါပြည့်တန်ဆာ အမျိုးသမီးများအား အကာအကွယ်ပေးနိုင်မည်လား။

<u>ရဲများ၊ စုံစမ်းစစ်ဆေးရေးမှူးများ၊ ဥပဒေအရာရှိများနှင့် ဝန်ဆောင်မှုပေးသူများသည် တွေ့ဆုံ မေးမြန်းမှုများပြုလုပ်နေစဉ်အတွင်း အောက်ပါတို့ကို လုပ်ဆောင်ရမည် -</u>

- နားထောင်ပေးပါ။
- ဖြစ်စဉ်ပြောပြနေစဉ်အတွင်း လူကုန်ကူးခံရသူ၏ ဦးဆောင်မှုနောက်သို့ လိုက်ပါ။
- အကဲဖြတ်ခြင်း/ခန့်မှန်းခြင်းမပြုပါနှင့် သို့မဟုတ် အလွန်အမင်း စိတ်ဓာတ်ပျက်ဟန် မပြပါနှင့်။
- ယူဆချက်များ မပြုပါနှင့်။
- ဖြစ်စဉ်အား ခိုင်ခိုင်မာမာယုံကြည်ကြောင်း ပြသပါ။
- အဆိုပါပုဂ္ဂိုလ်သည် နောက်ဆက်တွဲမေးခွန်းများအတွက် အဆင်သင့်ဖြစ်ခြင်း ရှိ၊ မရှိ ချင့်ချိန်ပါ။
- ဘေးကျပ်နံကျပ်အခြေအနေကို တုန့်ပြန်ဖြေရှင်းနိုင်ရန် အသင့်ပြင်ထားပါ။
- လူကုန်ကူးခံရသူအနေဖြင့် ထွက်ဆိုချက်များပေးခြင်း (သို့မဟုတ်) သတင်းအချက်အလက် များ ထောက်ပံ့ပေးခြင်းအပေါ် နားလည်မှုရှိ၊ မရှိ ချင့်ချိန်နိုင်ရန် စစ်ဆေးပါ။
- အခြေစိုက်ရန်၊ ချိတ်ဆက်ပေးရန်၊ နောက်ဆက်တွဲလိုအပ်သည့် ဝန်ဆောင်မှုများနှင့် အထောက်အပံ့များ အကူအညီပေးနိုင်ရန်အတွက် တောင်းဆိုလာမည့် မည်သည့် တောင်းဆိုမှုမျိုးကိုမဆို တုန့်ပြန်ဖြေရှင်းပေးပါ။

## စိုးစိုးနွယ်

ကိုစိုးစိုးနွယ်သည် အလုပ်တစ်ခုရရှိရေး မျှော်လင့်ချက်များဖြင့် ကျောက်စိမ်းတူးဖော်သည့် မိုင်းတွင်း တစ်ခုသို့ လာရောက်ခဲ့သည်။ အဆိုပါမိုင်းတွင်းတွင် ကာယလုပ်သားအဖြစ် လုပ်ကိုင်ရန် တရုတ်ကုမ္ပဏီတစ်ခုက ၎င်းအားငှားရမ်းခဲ့သည်။ ၎င်းအတွက် အိပ်စရာနှင့် စားစရာကို ကုမ္ပဏီက ပေးပြီး ၃ လ လုပ်ကိုင်ပြီးသည့်နောက်တွင် လစာပေးမည်ဟု ပြောသည်။ အလုပ်သမားများထဲမှ တစ်ဦးက ၂ လ အလုပ်လုပ်ကိုင်ပြီးနောက် ၎င်းအားလစာပေးရန် မန်နေဂျာထံ တောင်းခံသည်။ မန်နေဂျာနှင့် အခြားအမျိုးသားနှစ်ဦးတို့က အဆိုပါအလုပ်သမားအား အခြားသူများရှေ့မှောက်တွင် ထိုးကြိတ်ရိုက်နက်ခဲ့သဖြင့် လက်ကျိုးခြင်း၊ နံရိုးအများအပြားကျိုးခြင်း၊ နားအူခြင်း အစရှိသည့် ဝေဒနာများ ခံစားခဲ့ရသည်။ မန်နေဂျာက အလုပ်သမားများအားလုံး အနေဖြင့် ၎င်းပြောသည့် အတိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက ယခုကဲ့သို့ အလားတူ ထိုးကြိတ် ရိုက်နက်ခံရမည်ဖြစ်ကြောင်း ဆိုသည်။ ၎င်းအပြင် ၃ လမပြည့်မီ အလုပ်ထွက်ခဲ့ပါကလည်း လစာ လုံးဝရရှိမည်မဟုတ်ကြောင်း မန်နေဂျာကဆိုပြန်သည်။ စိုးစိုးနွယ်မှာ ကြောက်လန့်သွားပြီး မန်နေဂျာအနေဖြင့် လစာပေးမည်မဟုတ်ဟု ယုံကြည်သဖြင့် ထွက်ပြေးလာခဲ့သည်။ စိုးစိုးနွယ်မှာ အခြားအလုပ်သမားများကို အကူအညီပေးလိုပြီး လစာလည်း ရရှိစေလိုသဖြင့် ရဲထံသို့ ဆက်သွယ် အကြောင်းကြားတိုင်တန်းရန် စဉ်းစားလိုက်သည်။ ရဲအနေဖြင့် အဆိုပါအလုပ်သမားများအား ကယ်ဆယ်နိုင်ပါမည်လား။ စိုးစိုးနွယ်၏ ယခင်လုပ်ခလစာများ ရရှိနိုင်ရေးအတွက် အကူအညီ ပေးနိုင်ပါမည်လား။ စိုးစိုးနွယ်အနေဖြင့် အလွန်အမင်း ကြောက်ရွံ့ခြင်းကြောင့် ဥပဒေအရာရှိနှင့် အမှုအကြောင်း ပြောဆိုလိုစိတ်မရှိခဲ့ပါက မည်သည်တို့ ဖြစ်ပျက်လာနိုင်ပါသနည်း။

<u>လူကုန်ကူးခံရသူများအား အကူအညီပေးရာတွင် ၎င်းတို့၏ယုံကြည်မှုရရှိစေနိုင်သည့် နမူနာ သတင်းစကားများမှာ အောက်ပါတို့ဖြစ်ကြပါသည် -</u>

- **ကျွန်တော်တို့/ကျွန်မတို့ရဲ့ ပထမဦးစားပေးအချက်ကတော့ သင်ဘေးကင်းလုံခြုံစိတ်ချဖို့ ဖြစ်ပါတယ်။**
- **ကျွန်တော်တို့/ကျွန်မတို့ ဒီကိုရောက်လာတာဟာ သင့်ကို အကူအညီပေးဖို့ဖြစ်ပါတယ်။**
- **မြန်မာဥပဒေတွေအရ လူကုန်ကူးခံရသူဟာ အောက်ပါအကူအညီများ ရရှိနိုင်ပါတယ် . . . (သင့် အနေဖြင့် မည်သည့်အကူအညီများ ရရှိနိုင်ကြောင်း လေ့လာရန်လိုအပ်ပါတယ်။ သေသေချာချာ မသိရှိပါက ဒေသဆိုင်ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရုံးနဲ့ တိုင်ပင်သင့်ပါတယ်။)**
- **ကျွန်တော်တို့/ကျွန်မတို့အနေနဲ့ သင်လိုအပ်နေတဲ့ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက် ပေးသွားမှာ ဖြစ်ပါတယ်။**

- ကျွန်တော်တို့/ကျွန်မတို့အနေနဲ့ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်မယ့်နေရာတစ်ခုကို သင့်အတွက် ရှာဖွေပေးနိုင်မှာ ဖြစ်ပါတယ်။
- သင့်အနေနဲ့ နှိပ်စက်ညှင်းပန်းခံရခြင်းမရှိဘဲ နေထိုင်နိုင်ခွင့်တစ်ရပ် ရရှိမှာ ဖြစ်ပါတယ်။
- သင့်အနေနဲ့ မိမိဘာသာဖူလုံနိုင်စေပြီး အမှီအခိုကင်းလာမယ့် အခွင့်အလမ်း ရရှိမှာ ဖြစ်ပါတယ်။
- ကျွန်တော်တို့/ကျွန်မတို့အနေနဲ့ သင်လိုအပ်တာတွေ ရရှိဖို့ အကူအညီပေးနိုင်ပါတယ်။
- ကျွန်တော်တို့/ကျွန်မတို့အနေနဲ့ သင့်မိသားစုကို အကာအကွယ်ပေးဖို့ အကူအညီပေးနိုင်ပါတယ်။
- ကျွန်တော်တို့/ကျွန်မတို့အနေနဲ့ သင့်မိသားစုနဲ့ အဆက်အသွယ်ရရှိဖို့ အကူအညီပေးနိုင်ပါတယ်။
- ကျွန်တော်တို့/ကျွန်မတို့အနေနဲ့ သင့်မိသားစုထံကို ချက်ချင်းအကြောင်းကြားမှာ မဟုတ်ပါဘူး။
- သင့်အနေနဲ့ ကျွန်တော့်ကို/ကျွန်မကို ယုံကြည်နိုင်ပါတယ်။
- သင်ဖြစ်ခဲ့တာတွေ အခြားသူတွေထပ်မဖြစ်စေဖို့ ကျွန်တော်တို့/ကျွန်မတို့အနေနဲ့ သေချာစေချင်ပါတယ်။
- သင့်မှာ အခွင့်အရေးတွေရှိပါတယ်။
- သင့်လစာရဖို့ အခွင့်အရေးတစ်ရပ် ရှိပါတယ်။
- အကူအညီရဖို့ သင့်မှာခံစားပိုင်ခွင့်ရှိပါတယ်။
- ကျွန်တော်တို့/ကျွန်မတို့အနေနဲ့ သင့်အတွက် အကူအညီရဖို့ အကူအညီပေးနိုင်ပါတယ်။
- လူကုန်ကူးခံရသူရဲ့ခိုင်းစေလုပ်ဆောင်မှုတွေအတွက် သင့်မှာတာဝန်မရှိပါဘူး။
- အပြစ်ရှိနေတယ်လို့ ခံစားရတာက ပုံမှန်ပါဘဲ။
- အခု သင့်မှာ ရွေးချယ်ခွင့်တစ်ခု ရှိနေပါတယ်။
- နောက်တစ်ကြိမ်မှာ အခုလိုမျိုးတွေ့ဆုံတာ ဆက်လက်လုပ်နိုင်ပါတယ်။

လူကုန်ကူးမှုများ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းပြုရာတွင် လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းတစ်ရပ်ကို အသုံးပြုခြင်းကြောင့် အကျိုးကျေးဇူးများစွာ ရှိမည်ဖြစ်ပါသည်။ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းကို လက်တွေ့ဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှု စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့ ဆောင်ရွက်ရာတွင် အကူအညီပေးသည့် လွတ်မြောက်လာသူများအား တည်ငြိမ်မှု နှင့် လုံခြုံစိတ်ချမှု ရရှိနိုင်ခြေများ ပိုမိုတိုးမြင့်လာမည် ဖြစ်သည်။ တည်ငြိမ်သည့်လွတ်မြောက်လာသူတစ်ဦးသည် ပိုမိုခိုင်မာသည့် သက်သေတစ်ဦး ဖြစ်လာမည်ဖြစ်သည်။ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးခံရသူ/ သက်သေများ

နှင့် တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ရာ၌ တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများအား ပိုမိုထိရောက်မှု တိုးမြင့်ရရှိလာနိုင်မည်မှာလည်း သေချာလှပါသည်။ လူကုန်ကူးခံရသူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အခါ အဆိုပါ လူကုန်ကူးခံရသူထံမှ သတင်းအချက်အလက်များအား စုံစမ်းစစ်ဆေးရေးမှူးများမှ ပိုမိုရရှိနိုင်ပြီး ယင်းသတင်းအချက် အလက်များအား သက်သေခံအထောက်အထား ပိုမိုရရှိနိုင်ရေး ပုံစံတကျ ရှာဖွေရာတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ အကယ်၍ ထင်ရှားသည့် ဖြစ်စဉ်နှင့် သက်သေခံအထောက်အထား ပိုမိုရရှိခဲ့ပါက တရားရုံးတွင် အမှုများအား တရားစွဲတင်ရာ၌ ဥပဒေအရာရှိများအတွက် ပိုမိုလွယ်ကူစေမည် ဖြစ်သည်။ အရေး အကြီးဆုံးအချက်အနေဖြင့် အပြုသဘောဆောင်သည့် ဥပဒေရလဒ်တစ်ခုမှာ လူကုန်ကူးခံရသူတစ်ဦးအတွက် လုပ်ပိုင်ခွင့်အများဆုံးပေးခြင်းနှင့် အကျိုး ခံစားခွင့် အများဆုံးရရှိစေခြင်း ဖြစ်နိုင်ပါသည်။ ထို့ပြင် ဥပဒေစနစ်တစ်ခုလုံးသည် အသိုက်အဝန်းရှိ အဖွဲ့ဝင်အားလုံး အထူးသဖြင့် ရပ်တည်ရန် ခက်ခဲသူများနှင့် ချို့တဲ့သူများ အများစုတို့အား အကာအကွယ်ပေးရန် ကတိပြုချက်တစ်ရပ်ဖြစ်ပြီး လူကုန်ကူးမှုများအား လုံးဝသီးခံခွင့်လွှတ်မည် မဟုတ်ဆိုသည့် ထင်ရှားသောသတင်းစကားတစ်ရပ်အား လူကုန်ကူးသူများ လက်ခံသိရှိသွား စေရန် သေချာစေမည် ဖြစ်ပါသည်။